အရှေ့ကြယ်စာပေ

# မောင်ပေါ်ထူး နှင့် မသဲသာ

## မင်းကိုနိုင်



## ဤစာရေးသူ မောင်ပေါ်ထူး၏ အမှာစာ

ကျနော်မောင်ပေါ်ထူးမှာ မူလတန်းကျောင်းသား ဖြစ်ပါသည်။ အစ်မ နှစ်ယောက်ပြီးမှ ထူးခြားစွာ ပေါ်လာ၍ မောင်ပေါ်ထူးဟု မှည့်ခြင်းဖြစ်ပြီး ကျနော့်ညီမလေးမှာ မွေးစက အသံ သာသာလေးဖြင့် အော်တတ်၍ မသံသာ ဟု ခေါ်ပါသည်။ သူကတော့ ဒီနှစ်မှ ကျောင်းနေရမှာ ဖြစ်ပါသည်။

ဒီဇာတ်လမ်း၌ မကြီးနှင့် မငယ်တို့ အပါအဝင် အခြားသူများက ဇာတ်ရံအဖြစ်သာ ပါရမည်ဖြစ်ပါ၍ ညီမလေးနှင့် ကျနော်က ဇာတ်လိုက်များ ဖြစ်ကြပါလိမ့်မည်။

ကျေးဇူးတင်ပါတယ် ခင်ဗျား။ အားမနာတမ်း ဖတ်ကြည့်ကြပါ။

**မောင်ပေါ်ထူး**

**(မူလတန်း စာရေးဆရာ)**

(မှတ်ချက်)။ ။ ကျနော်တို့ ဇာတ်လိုက်နှစ်ယောက်၏ ပုံသဏ္ဌာန်ကို မိတ်ဆက်ပေးထားရပါဦးမည်။ ကျနော့်မှာ ပိန်ညောင်ညောင်နှင့် ဘိုကေဆံပင်ကို ဘယ်တော့မှ ဆီမလူးထားပါ။ လူကြီးတွေနား ကပ်မိလျှင် "နင့်ကိုယ်က နေစော်နံတယ် သွားစမ်း" ဟု အမြဲမောင်းထုတ်ခံရသူ ဖြစ်ပြီး ညီမလေးကတော့ ခေါင်းကြီးကြီးတွင် ဦးစွန်းဖုတ်ဆံပင်နှင့် နားရွက်ကားကား ဝကစ်ကစ် ဖြစ်၍ သူဝတ်ထားသော ဂါဝန်လေးမှာ ဗိုက်တွင် ကျပ်ထုပ်ပြီး ကောက်ညှင်းထုတ် စည်းထား သည်နှင့် တူလှပါကြောင်း။

*




# မိသားစုဝင် တစ်ယောက်တိုးခြင်း

ကျောင်းပိတ်ရက် တစ်နေ့၌ ကျနော် လေးခွတစ်လက်ကိုင်လျက် အိမ်ရှေ့မှာ ယောင်ချာချာ လုပ်နေခိုက် ညီမလေးက "လာ … လာ" ဟု လက်ယပ်ခေါ်ကာ နောက်ဖေးသို့ ဦးဆောင် ပြေးသွားပါသည်။

နောက်ဖေး အိမ်တံခါးရောက်သော် ညီမလေးက ဟိုမှာဟု ညွှန်ပြပါ၏။ ခွေးမတစ်ကောင်သည် ကျနော်တို့ အိမ်၌ ခြံစည်းရိုးကြားမှ ခေါင်း

ပြု၍ ဝင်မလို့ လုပ်နေပါ၏။ ကျနော်နှင့် ညီမလေးကို မြင်သော် ထိတ်လန့်သွားပြီး ရှောင်ပြေးမလို့ပြုပြီးမှ ကျနော်တို့က ရန်မမူမှန်းသိသော် တအီအီ အော်လျက် အသနားခံသလို လုပ်နေပါ၏။

ကျနော်နှင့် ညီမလေး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပါသည်။ ကျနော်တို့အိမ်၌ အမိန့်တစ်ခု ထုတ်ပြန်ထားတာ ရှိသည်။

အိမ်ကလည်း မြေညီပေါ် သမံတလင်းခင်းအိမ်ဖြစ်၊ ဧည့်သည်တွေကလည်း တရုန်းရုန်းမို့ အဖေက ခွေးမမွေးရဟု တားမြစ်ထားခြင်းပင်။ ဘာလို့လဲဆိုတော့ ဧည့်သည်တွေကို အနှောင့်အယှက် ဖြစ်မည်တဲ့။

အဖေတို့ အကြောင်းပြချက်ကို ကျနော်နှင့် ညီမလေး ဘဝင်မကျလှပါ။ ထို့ကြောင့် ခွေးကိုတလှည့် ညီမလေးကို တလှည့် ကျနော်ကြည့်၍ “အဖေတို့ကလည်း ကြီးကျယ်လို့” ဟု စကားစပါသည်။

“အေးလေ” ဟု ညီမလေးက အားတက်သရော ထောက်ခံပါ၏။ ပြီးနောက် မီးမီးမှာ ခွေးကျွေးဖို့ ရှိတယ်ဆိုပြီး လှစ်ခနဲ အိမ်ထဲပြေးဝင်သွားသည်။ ကျနော်လည်း ဒီခွေးမ ထွက်မပြေးအောင် လက်ဖျောက်တီး၍ ချော့ထားနေရပါ၏။ ခွေးမမှာ သာမန်ရပ်ကွက်ထဲ တွေ့နေကျ ခွေးမတစ်ကောင်ထက်တော့ ဘာမျှမထူးခြားပါ။ အဖြူပေါ် အညိုကွက်များနှင့် လူယဉ်ပုံရတာပဲ ရှိပါသည်။

သူသည် နောက်ဖေး ရေထွက်မြောင်း အနီးရှိ စားကြွင်းစားကျန်များကို လာရှာမှန်း သိသာပါသည်။ ကျနော့ အခြေအနေကို သိသည်နှင့် အရဲကိုး တိုးဝင်လာကာ ဟိုဟိုဒီဒီ လှည့်၍ အမြီးနှံ့ပြရင်း ရေမြောင်း တစ်ဝိုက် အနံ့ခံနေပါ၏။

ထိုအခိုက် ညီမလေးမှာ သူ့ဂါဝန်အောက်နားစထဲ ဘီစကစ်အကြေ

များ ပွေ့ပိုက်လျက် "လာပြီ ... လာပြီ" ဟု အော်ကာ အပြေးရောက်လာပါသည်။ ကျနော်တို့ နှစ်ယောက် ခွေးမအားခေါ်၍ မုန့်ကျွေးရာ သူ့ခများ ဆာလွန်း၍ထင့်။

ပလုတ်ပလောင်း စားနေသည်မှာ လည်ချောင်းနင်မတတ်၊ ညီမလေးက "ရေခပ်ပေးလိုက်" ဟု အမိန့်ပေးသဖြင့် ကျနော် အိမ်ထဲဝင်၍ ရေရှာ၊ ဖလားတစ်ခွက် အပြည့် ခပ်လာခဲ့သည်။

ခွေးမကား မုန့်လည်း ပလပ်ပလပ်မြည်အောင်စား၊ ရေလည်း တစ်ဂွပ်ဂွပ်သောက် အမြီးကလည်း ကျေးဇူးတင်ကြောင်း တနန့်နန့် လုပ်ပြရတာ အမော။

တော်ကြာကျတော့ ညီမလေးက "သွားတော့ လူကြီးတွေမြင်ရင် နာဦးမယ်" ဟု ပြောရာ ခွေးမမှာ နားလည်သည့်အလား မသွားချင် သွားချင်နှင့် လှည့်ကြည့်လှည့်ကြည့်လုပ်ကာ ထွက်သွားရပါ၏။

သူ့အမြီးလေးကား တနန့်နန့်။

နောက်ရက်များ၌မူ ကျနော်နှင့် ညီမလေးတို့မှာ ထမင်းဟင်းအကျန်များနှင့် အရိုးများကိုစု၍ ခွေးမကို ကျွေးကြရပါသည်။ ခွေးမကလည်း ကျနော်တို့ အရိပ်အခြည်ကို အပြင်က အမြဲချောင်းနေသူပီပီ ကျနော် လက်ဖျောက်တီးလိုက်သည်နှင့် စည်းရိုးပေါက်မှ တိုးဝင်မြဲ။

သူ့ကို အစာကျွေးရင်း ကျနော်က ညီမလေးကို မေးပါ၏။ သူ့ကို ဘာနာမည် ခေါ်ကြမလဲ "ညီမလေးက ခေတ္တစဉ်းစားပြီး ခွေးမပေါ့" ဟု ဖြေပါ၏။ "အေး ... ပြီးရော" ဟု ကျနော် သဘောတူလိုက်ပါသည်။ သည်လိုနှင့် ခွေးမနှင့် ကျနော်တို့ နှစ်ယောက်ချစ်ခြင်းကို ကွေကွင်းရန် အကြောင်းက ပေါ်လာရပါသည်။

ကျနော်တို့ ကလေးများ ခိုးလုပ်တာမှန်သမျှ ဆူရန်၊ ကြိမ်းရန်အသင့်ရှိသော လူကြီးများရှေ့ ခွေးမကို အစာကျွေးနေတာ ပက်ပင်းတိုးသွားခြင်းပင်။

"ပေါ်ထူးနဲ့ သံသာ၊ ငါတို့ဘာမှာထားသလဲ" ဟူသော ငေါက်သံကြီးက ကျနော်နှင့် ညီမလေး အပါအဝင် ခွေးမကိုပါ နားရွက်ကုပ်သွားလောက်အောင် အာဏာပြင်းလှပါ၏။

"မဟုတ်ဘူး၊ သားတို့ခေါ်တာ မဟုတ်ဘူး၊ သူ့ဟာသူ ..."

"ဘယ်လိုပဲဖြစ်ဖြစ် ခွေး မမွေးရဘူးလို့ ပြောထားတယ် မဟုတ်လား"

ကျနော်နှင့် ညီမလေးသည် လူကြီးများကို မလွန်ဆန်နိုင်သည့်အဆုံး "နင်သွားတော့" ဟု မပြောချင်ဘဲ ပြောလိုက်ရပါ၏။ ခွေးမကား ဈေးနည်းနည်းလောက် ဆစ်ချင်ပုံရသည်။ အိမ်ထဲဘက် မျှော်၍ မျက်နှာငယ်လေးဖြင့် လုပ်ပြနေပါ၏။ ခါးထောက် ကြည့်နေသော အဖေနှင့် အမေအား ညီမလေးက ဤသို့အယူခံဝင်လိုက်သည်။

"သူ မကိုက်တတ်ပါဘူး၊ မီးမီး လက်ထိုးထည့်ပြမယ်"

ပြောပြောဆိုဆို သူမလက်ကလေးကို ခွေးမပါးစပ်ထဲထည့်၊ ခွေးမက ပလပ်ပလပ် မြည်အောင် ရိုကျိုးစွာလျက်ပြပါ၏။

သို့သော် လူကြီးများထံမှ ချီးကျူးသြဘာမရ။

"ကြည့်စမ်း ... မရွံမရှာ။ မောင်းမထုတ်ဘူးလား ... ငါ ... အခု"

ပြောပြောဆိုဆို အိမ်ဝမှ ပေါ်လာ၍ ညီမလေးရော ကျနော်ပါ "ကြောက်ပါပြီ" ဟု ထိတ်လန့်စွာ အော်ရင်း ခြေဦးတည့်ရာ ပြေးကြရပါတော့သည်။ ခွေးမမှာလည်း လာရာ အပေါက်မှ ကမူးရှူးထိုး ထွက်ပြေးရပါတော့၏။

*

ရက်ပိုင်းမျှ ခွေးမကို မမြင်ရ၍ ကျနော်နှင့် ညီမလေးမှာ လူကြီးတွေ လစ်တိုင်း ခြံစည်းရိုးပေါက်မှ ပစ်ကျွေးရန် ကြိုးစား၍ ခွေးမကို ခေါ်ကြရသည်။

ကျနော်တို့အိမ်မှာ ဇာဘော်လီရုံထောင်ထား၍ ဇာဘော်လီချုပ်သော အစ်မကြီးများ အဝင်အထွက် နောက်ဖေးလမ်းကပါ သွားလာကြသဖြင့် နောက်ဖေးတံခါးကို ပိတ်ထား၍ မရနိုင်ပါ။ ထိုအချက်ကို အခွင့်ကောင်း ယူ၍ ခွေးမက အလစ်မှာ လာစားလိုက်၊ လူလာလျှင် ထွက်ပြေးလိုက် လုပ်နေရပါသည်။

တရက်မှာ စက်ချုပ်သမကြီးတစ်ယောက်၏ ထမင်းဘူးမှ လက်ကျန်များ ခြံနောက်မှာစွန့်ထားရာ လာစားနေသည့် ခွေးမက ရေငတ်၍ထင်သည်။ အိမ်ထဲကိုဝင်လာပြီး ကြောင်အိမ်ခြေထောက်ကို စွပ်ထားသည့် အင်တုံထဲမှ ရေကိုသောက်နေစဉ် လူကြီးတွေမိသွားပြီး တံမြက်စည်းနှင့် အဆော်ခံလိုက်ရရာ ကိန်ခနဲ အော်ပြေးရပါ၏။

သူ့အားမြင်တိုင်း မီးဖိုချောင်မှာ ကျနော်တို့ မောင်နှမနှစ်ယောက်နှင့် ဆော့ရန်ပင်မလာတော့။ ခွေးမတော့ ပျောက်သွားပြီဟုထင်ကာ ကျနော် တို့က ဝမ်းနည်းပြီး လူကြီးတွေကတော့ ကောင်းတယ်ဟု ဆိုနေကြပါသည်။

တစ်ရက် ထမင်းဝိုင်းမှာ အထူးအဆန်းတစ်ခု ကြုံရပါသည်။

ထမင်းစားပွဲ ကုလားထိုင်များဖြင့် ထိုင်စားရသဖြင့် ကျနော့်အဖို့ မမှီတမှီ အနည်းငယ် အခက်အခဲရှိသော်လည်း ညီမလေးမှာ ထိုင်ခုံပုလေး

တစ်လုံးကို ကုလားထိုင်ပေါ် ခုထိုင်ရမြဲဖြစ်ပါ၏။

ထိုနေ့က ထမင်းစားနေရင်း ငါးကြော်ကို အားပါးတရဖွဲ့နေသော ညီမလေး မျက်နှာဆတ်ခနဲ တွန့်သွားသည်ကို ကျနော်သာသိလိုက်သည်။

စားပွဲအောက်သို့ တွဲလောင်းကျနေသော သူ့ခြေထောက်ကို အသာလေးရုတ်ပြီး မသိမသာ ငုံ့ကြည့်၏။ ပြီးတော့ လူကြီးတွေအလစ်မှာ အရိုးကို စားပွဲအောက် အသာချပေးလိုက်ပါ၏။

ဒါမျိုးဆိုလျှင် အတွဲညီပြီးသားဖြစ်သူ ကျနော်လည်း စားပွဲအောက်ကို အသာချောင်းကြည့်ရာ ခွေးမက အရိုးဝါးရင်း ကျွန်တော့်ကို အသံတိတ်နှုတ်ဆက်နေပါ၏။

ကျနော်လည်း အကြံပိုင်သော ခွေးမအတွက် ဝမ်းသာသွားပြီး ရသမျှအစာများ စားပွဲအောက် လူလစ်တိုင်း ပစ်ချပေးလိုက်ပါသည်။

သို့သော် ဘယ်လောက်မှ မကြာလိုက်ပါ။ ကျနော်တို့လို ကလေးတွေ ခိုးလုပ်သမျှ ဆူကြိမ်းရန် အသင့်ရှိသော လူကြီးတွေက မိဖြစ်အောင်မိသွားပြီး တံမြက်စည်းဆွဲကာ ခွေးမကို မောင်းပါတော့သည်။

အံမယ် ခွေးမကလည်း အလာကြီးပါခင်ဗျာ။

သူတို့ရိုက်ရန် ရွယ်နေသော်လည်း မပြေး။ သမံတလင်းပေါ် ပြားပြားဝပ်လျက်။ ရိုက်ရင်လည်း ခံရဲပါတယ်ဟူသော မျက်နှာဖြင့် ခွဲကောင်းပြနေပါသည်။

နဂိုကမှ လက်မရဲသော ကျနော့်အစ်မကြီးမှာ တံမြက်စည်းဖြင့် ကြမ်းပြင်ကို ဖျန်းခနဲ ဖျန်းခနဲ ရိုက်ရင်း "သွားနော် ... သွားနော်" ဟု မျက်စိမှိတ် အော်နေရပါ၏။

ခွေးမခများလည်း တံမြက်စည်းတချက် ဗျန်းခနဲ ကြမ်းပြင်ပေါ် ရိုက်မိတိုင်း သူ့ကိုမထိသော်လည်း "အီခနဲ … အီခနဲ" အော်၍ မျက်စိမှိတ်ကာ ပေကပ်ခံနေပါသည်။




အစ်မကြီးက "ငါ … စိတ်ညစ်လာပြီ" ဟု အော်ရင်း ကြမ်းကို တွင်တွင်ရိုက်ကာ လှန့်နေသည့်တိုင် ခွေးမက မပြေးပါ။ ပြားနေအောင် ဝင်ပြီး ပေကပ်နေပါ၏။

"ခွေးမ … ကွ"

ကျနော်နှင့် ညီမလေးက ခွေးမ၏ဖွဲကို အော်ဟစ်အားပေးလိုက်ရာ ခွေးမှာလည်း မျက်စိမှိတ်ကာ တံမြက်စည်းချက်ကို ငုံ့လင့်နေရသည့်ကြားက အမြီးနန့်လျက် ပြန်နှုတ်ဆက်နေပါသေး၏။

သို့သော် ကျနော်တို့ ကြာကြာအားမပေးလိုက်ရပါ။

ဘယ်သူမှန်းမသိ "ရေနဲ့ပက်၊ ရေနဲ့ပက်" ဟု အကြံပေးလိုက်၍ ခွေးမမှာ ရေတွေရွှဲပြီး စိတ်ပျက်လက်ပျက် ခေါင်းငိုက်စိုက်ချ ထွက်သွားရသည်မှာ ကျနော်နှင့်ညီမလေးကိုပင် နှုတ်ဆက်သွားဖော်မရတော့။

ကြမ်းပေါ် ရေတွေရွှဲကုန်ခဲ့သမျှလည်း နင်တို့ကြောင့်ဟူသော စွပ်စွဲချက်ဖြင့် ကျနော်နှင့် ညီမလေးတို့ကသာ ပြန်သုတ်ရပါတော့သည်။

*

လူကြီးတွေနှင့် ခွေးမ၏ အားပြိုင်ပွဲမှာ ပို၍ကြည့်ကောင်းလာပါပြီ။ လူကြီးတွေ ပြောသည်။

"နင်တို့ ခွေးမကို ကျွေးချင်ရင် အပြင်မှာကျွေး။ အထဲမဝင်နေစေနဲ့"

ခွေးမကား မရောင့်ရဲနိုင်။ လစ်တိုင်းဝင်နေ၍ အိမ်ရှေ့နှင့် နောက်ဖေး တံခါးမကြီးတွေကို ပိတ်ထား။ လူလာမှ ဖွင့်ပေးလုပ်ထားကြပါသည်။ ကျနော်နှင့် ညီမလေးမှာ ခွေးမအပေါ် လိုလားသူများပီပီ ခွေးမကို ဘယ်လိုများ အိမ်ထဲရောက်အောင် လုပ်ရပါ့ဟု အကြံထုတ်နေရပါ၏။

ညီမလေးက ကျွန်တော့်အား ဆီး(ဇီး)ထုပ် လှမ်းပေးရင်း နည်းနည်းပါးပါး ကြံစမ်းပါဦးဟု တိုက်တွန်းလိုက်ပါ၏။ ကျနော်လည်း အိမ်ရှေ့ခုံပေါ် မှီထိုင်ရင်း (ဇီး)ထုပ် ဝါးလျက် "အင်း ... " ဆိုကာ ကြံနေရသည်။ ထိုအခိုက် ပြတင်းပေါက်မှ ရိပ်ခနဲ တစုံတခုကို တွေ့လိုက်ကြပါ၏။

ကျနော်တို့ အိမ်မှာ မြေညီသမံတလင်းဖြစ်၍ ဘေးပြတင်းပေါက်များမှာ လူကြီး ခါးလယ်ခန့်သာ မြင့်ပါသည်။ ထိုပြတင်းမှ ခွေးမသည် ခေါင်းကလေး ထွက်ပေါ်လာပြီး လူလစ်မလစ် မတ်တတ်ရပ်လျက် ချောင်း

လိုက်သည်။ ညီမလေးက ဝမ်းသာအားရ “မြန်မြန်ဝင်” ဟု ခေါ်လိုက်သည်နှင့် ခွေးမလည်း ပြတင်းပေါက်ပေါ် စွေ့ခနဲတက်၊ လှစ်ခနဲဆင်းလာကာ ညီမလေး ထိုင်ခုံအောက် ဝင်ပုပြီး ကျေနပ်နေပါ၏။

ကျနော် ရယ်လည်း ရယ်ချင်လှသည်။ ခွေးမကလည်း ခွေးမ။ အစာစားရရုံ မရောင့်ရဲ။ အိမ်ထဲမှာပဲ နေချင်သည်။ ယခုပင်ကြည့်ပါ။ ညှော်ခန်းထိုင်ခုံအောက် ဝင်ပုလျက် ညီမလေး ခြေထောက်ကို နှုတ်သီးဖြင့်လှမ်းလှမ်းတို့ကာ အကျေနပ်ကြီး ကျေနပ်နေသည်။

ညီမလေးက သိပ်မလုံခြုံသေးဖူးဟု ယူဆကာ အဖေ့ဆွဲလက်စပန်းချီကားကြီးတစ်ချပ်ကို မလာပြီး ထိုင်ခုံအောက်ခြေကို ကာကွယ်ထားလိုက်သည်။

“နင် တိတ်တိတ်နေ” ဟု ညီမလေး အမိန့်ပေးသည်ကို ခွေးမကလည်းနာခံပြီး အိပ်တောင်ပျော်နေသေးသည်။ မကြာလိုက်ပါ။ ကျနော့်အစ်မငယ်က တံမြက်စည်းလှန်းရန် ခုံအောက်ငုံ့ကြည့်လိုက်မှ ခွေးမကိုမြင်ပြီး လူနှင့်ခွေးတို့ ပြိုင်ပွဲကြီး ပြန်စကြရပြန်ပါသည်။

ခွေးမခမျာလည်း ခေတ္တသာ အိမ်ထဲဝင် ဇိမ်ကျလိုက်၊ ရေတွေရွှဲပြီးမရှုမလှ ထွက်သွားရလိုက်။ ကျနော်နှင့် ညီမလေးတို့မှာလည်း ကိုယ့်အပြစ်နှင့်ကိုယ် ကြမ်းတွေကိုသုတ်ရလိုက်နှင့် ဟန်တော့မကျလှပါ။ ထိုထက်ဆိုးသည်ကား မျက်စိမှိတ်၍ တံမြက်စည်းဖြင့် ရမ်းခြောက်လှန့်ရင်းဖြစ်စေ၊ တကယ်ရိုက်ရင်ဖြစ်စေ ခွေးမကိုယ်ပေါ် ရိုက်မိရင်လျှင် သူကပြေးတော့မပြေး ဝပ်လျက်ပေခံရင်း ရှူးရှူးတွေထွက်ကျတော့သည်။




ထိုပြတင်းမှ ခွေးမသည် ခေါင်းကလေး ထွက်ပေါ်လာပြီး
လူလစ်မလစ် မတ်တတ်ရပ်လျက် ချောင်းလိုက်သည်။ ညီမလေးက ဝမ်းသာအားရ
"မြန်မြန်ဝင်" ဟုခေါ်လိုက်သည်နှင့် ခွေးမလည်း ပြတင်းပေါက်ပေါ် ခွေ့ခနဲတက် . . .

ထိုအခါမျိုး သူ့ ရှုးရှုးတွေ ကျနော်တို့ ဆေးကြောရတာမလွယ်ပါ။ ညီမလေးသည် သေးစိုဝတ်နှင့် ခွေးမအား ပစ်ပေါက်မလိုလုပ်ရင်း ဒေါပွပွနှင့်ပြောပါ၏။

"နင်ကလဲ လူကြီးတွေ လက်ခံအောင် တစ်ခုခုလုပ်ပါလား။ နင့်သေးတွေ ငါတို့ချည်းပဲ သုတ်နေရတာ အားမနာဘူး"

ထိုအခါ ခွေးမသည် ခြံပြင်မှနေ၍ မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် အသနားခံနေပါ၏။ ပြောမယ့်သာ ပြောရသည်။ ခွေးမနေရာမှာ ကျနော်ဆိုလျှင်လည်း ဘယ်လိုကြံရမှန်း မသိပါ။

"ခွေးမက ကိုက်ဖို့ နေနေသာသာ၊ ဟောင်တောင် မဟောင်တတ်ပါဘူး"

"အင်းလေ လူတွေ့ရင် အမြီးနန့်ပြဖို့ပဲ သိတာ။ ဒီလောက် လိမ္မာတဲ့ ခွေးမကို ..."

ညီမလေးနှင့်ကျနော်က အတိုင်အဖောက်ညီစွာ ခွေးမအတွက် ဝင်ကူ ပြောပေးကြသော်လည်း အရာမထင်ပါ။

"ဟေ့အေး ... မရဘူး။ ခွေးဟာ ခွေးလိုပဲနေ။ အိမ်ပေါ်မတက်နဲ့။"

ထိုအခါ ညီမလေးက နှုတ်ခမ်းစူလျက် "သူလည်း လူရာဝင်ချင်တာ ပေ့ါ" ဟု အထွန့်တက်ပါသေးသည်။

ကျနော်ကလည်း "အင်းလေ ... ကိုယ်လည်း ချီထားရတာ မဟုတ်ပါ ဘူး။" ဟု ချက်ချင်း ထောက်ခံပါသေး၏။

မရပါ။ ကျနော်တို့လို ကလေးတွေ၏ အမြင်နှင့် အမြဲလို ပြောင်းပြန် ကျနေသော လူကြီးတွေက "ကလေးနဲ့ခွေး အတူတူပဲ ... လူရာ မဝင်ချင် နဲ့" ဟု ငေါက်ကြပါ၏။ ကျနော် စိတ်ပျက်လှသည်။

နောက်နေ့တွေမှာလည်း ခွေးမသည် ခြံပြင်မှာ ငေးမှိုင်လျက်။

ညီမလေးသည် ခြံတံခါးမှာ သတင်းစာပို့သမား လာညှပ်သွားသည့် သတင်းစာလိပ်အား ဆွဲယူလျက် ခွေးမကိုကြည့်ကာ

"နင်လည်း အခုထိ အကြံမရသေးဘူးလား။ ငါတို့ပြောပေးတာလဲ စကားကုန်ပြီ"

အားမလိုအားမရ ပြောပြီး အဖေ့ထံပြေးကာ သတင်းစာသွားပေး သော ညီမလေးအား ခွေးမကငေးရင်း တံခါးဝမှာ အသင့်ထောင်ထားသ ည့် တံမြက်စည်းအားကြည့်ရင်း ကြံရာမရ ဖြစ်နေရှာဟန် တူပါသည်။ ခွေးမသည် ငြိမ်သက်စွာ ဝပ်လျက် မှိုင်နေ၏။

*

နောက်တစ်နေ့ မနက်တွင်တော့ အဖေ၏ တအံ့တသြအော်ခေါ်သံ ကျနော်တို့ ကြားကြရသည်။

"လာကြစမ်းဟေ့ ...၊ လာကြည့်ကြစမ်း ခွေးမလုပ်ပုံ။"

ကျနော်တို့ ဒရောသောပါး ပြေးကြည့်ကြသော် ခွေးမသည် ဧည့်ခန်း ထဲထိုင်နေသည့် အဖေရှေ့မှာ အမြီးကလေး နန့်ကာရပ်လျက် ပါးစပ်မှာ က သတင်းစာလိပ်ကို ငုံခဲထားသည်။

"ကြည့်ကြစမ်း ဖွဖွလေး ငုံရုံငုံထားတာ။ တော်တော်သိတဲ့ခွေးမ။ မနေ့က ဟိုအသေးစားလေး ငါ့ကိုလာပေးတာ ကြည့်ထားမှာပေ့ါ"

ပြောပြောဆိုဆို အဖေက သတင်းစားလှမ်းယူလိုက်သော် ခွေးမက အသာလေးပင် ပါးစပ်ဟပေးလိုက်ပါသည်။ ကျနော်နှင့်ညီမလေးက တ ခုခုပြောမယ် ကြံစဉ်ပင် အဖေက "ဒီနေ့ကစပြီး ခွေးမကို မရိုက်ကြပါနဲ့ တော့ကွာ။ အသေးစားလေး ပြောသလို သူလဲလူရာဝင်ချင် ရှာမှာပေ့ါ" ဟု စိတ်လှုပ်ရှားသံကြီးဖြင့် အားလုံးကို မှာလိုက်ပါသည်။

ညီမလေးနှင့် ကျနော်က ဝမ်းသာအားရ "ခွေးမကွ" ဟု အော်လိုက် ကြချိန်မှာ ခွေးမမှာ အဖေ့ဒူးခေါင်းကို ခေါင်းဖြင့် အခါခါ တိုးဝှေ့နေပါ တော့၏။




ထိုအခါကစပြီး ကျနေတို့အိမ် ဧည့်သည်လာတိုင်း "ကဲ သားသမီးတွေ ဘယ်နှယောက်လဲပြပါဦး" ဟု တောင်းဆိုလျှင် ကျနော်တို့ မောင်နှမလေးယောက်က ကြီးစဉ်ငယ်လိုက် စီတန်းပြရပါသည်။ "ဒါက သမီးကြီး၊ ဒါက သမီးလတ်၊ ဒါက သား၊ ဒါက သမီး အငယ်ဆုံး ... အဲ ..."

အဖေက အဲခနဲ ဖြစ်သွားရခြင်းမှာ ခွေးမက ညီမလေးနံဘေး ဝင်ရပ်နေ၍ဖြစ်ပါ၏။ ထိုအခါ အဖေက "အဲ သူကတော့ ခွေးမ" ဟု မိတ်ဆက်ပေးလိုက်ရပါသည်။

ဧည့်သည်များက တဟားဟား သဘောကျသလို ကျနော်တို့လည်း ပျော်ကြရပါသည်။ တခါတလေများ ခွေးမကိုမေ့၍ မိတ်မဆက်ပေးလျှင်

ခွေးမက အဖေ့အား ခေါင်းဖြင့်ထိုး၍ သတိပေးပါ၏။

အဖေက မသိချင်ယောင်ဆောင်၍ ကျီစယ်ကာ မေ့သလိုလုပ်နေသရွေ့ ခွေးမကလည်း မလျှော့ပါ။ ညီမလေးဘေးမှာ ဝင်ရပ်ပြထားပါလျက် မပါရကောင်းလားဟု ဂျီကျကာ အဖေ့ကို ခေါင်းဖြင့် အကြိမ်ကြိမ်

"အဲ … သူကတော့ ခွေးမ" ဟု အဖေက မိတ်ဆက်ပေးမှ ကျနော်တို့ မောင်နှမလေးယောက်နဲ့အတူ ခွေးမလည်း ပြုံးပြုံးကြီးရှိနေပါတော့၏။

ဤတွင် "မိသားစုဝင် တစ်ယောက်တိုးခြင်း" ပြီးပါပြီ။ လူကြီးမင်းတို့ အိမ်တွင်ကော ခွေးတစ်ကောင်လောက် ရှိလျှင်လည်း သူ့အကြောင်း ပြောပြလိုက်ကြပါဦး။

*